၁။ "မနာလိုခြင်း၊ ဝန်တိုခြင်း၊ ကင်းရှင်းကြပါစေ" ဟူသော မေတ္တာပို့ဂုဏ် "မနာလိုခြင်း၊ ဝန်တိုခြင်း" တို့၏ စေတသိက် အမည်မှန်ကို ဖော်ပြ၍၊ ယင်းစေတသိက်တို့နှင့်ယှဉ်တွဲ ဖြစ်ခွင့်ရှိသောစိတ်၊ မရှိသောစိတ်တို့ ကိုလည်း ရေတွက်ပြပါ။

ဖြေ။ ။ မနာလိုခြင်း- ဣဿာ။ ဝန်တိုခြင်း=မစ္ဆရိယ။

- ယှဉ်တွဲဖြစ်ခွင့်ရှိသောစိတ် - ဒေါသမူစိတ် ၂
- ယှဉ်တွဲဖြစ်ခွင့်မရှိသောစိတ် - လောဘမူစိတ် ၈၊ မောဟမူစိတ် ၂ ပေါင်း ၁၀။

၂။ "စိတ်သွားတိုင်း ကိုယ်ပါ" ဟူသောစကားကဲ့သို့ စိတ်ဖြစ်တိုင်း ပါဝင်လေ့ရှိသော စေတသိက်အမည်များကို ဖော်ပြ၍၊ ၎င်းစေတသိက်တို့တွင် ရှေးသုံးလုံးတို့၏ သဘောအဓိပ္ပါယ်များကို ပေါ်လွင်အောင်ရေးသားခဲ့ပါ။

ဖြေ။ ။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး

၁။ ဖဿ - အာရုံကို တွေ့ထိခြင်းသဘော၊

၂။ ဝေဒနာ - အာရုံ၏အရသာကို ခံစားခြင်းသဘော၊

၃။ သညာ - အာရုံကို မှတ်ခြင်းသဘော၊

၃။ "ငါသာလျှင်မြတ်၏၊ ငါသာလျှင်တတ်၏၊ ငါလိုလူ ဇမ္ဗူတွင်မရှိ" ဟုမာန် ထောင်နေသော ပုဂ္ဂိုလ်၏သန္တာန် ၌ဖြစ်သော စေတသိက်ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ယင်းစေတသိက်နှင့် အတူယှဉ်ခွင့်ရှိသောစိတ်တို့ကို လည်း ဖော်ပြခဲ့ပါ။

ဖြေ။ ။ **မာန** - ထောင်လွှားတက်ကြွခြင်းသဘော၊

- အတူယှဉ်ခွင့်ရှိသောစိတ်များ၊ လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄

၄။ "ကာကွယ်ရေးလည်း မဟုတ်၊ ရှာနယ်ရေးလည်း မဟုတ်၊ တိုင်းပြည်ဘဏ္ဍာဆုတ် အောင် ဒါနမလုပ်နဲ့" ဟုပြောဆိုသူ၏ သန္တာန်၌ဖြစ်သောတရားကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ယင်းစေတသိက်နှင့် အတူယှဉ်ခွင့် ရှိသောစိတ်၊ မရှိသောစိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဖြေ။ ။ **ဣဿာ** - သူတစ်ပါး စည်းစိမ်ကို ငြူစူခြင်းသဘော၊

- ယှဉ်တွဲဖြစ်ခွင့်ရှိသောစိတ် - ဒေါသမူစိတ် ၂
- ယှဉ်တွဲဖြစ်ခွင့်မရှိသောစိတ် - လောဘမူစိတ် ၈၊ မောဟမူစိတ် ၂ ပေါင်း ၁၀။

၅။ "အလှူဒါနလုပ်တာ အကျိုးမရှိပါဘူးကွာ" ဟု တလွဲယူဆသူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို အဓိပ္ပါယ်နှင့်တကွဖော်ပြ၍၊ ယင်းစေတသိက်နှင့် အတူယှဉ်ခွင့်မရှိသောစိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဖြေ။ ။ **ဒိဋ္ဌိ** - မှားမှားယွင်းယွင်း သိခြင်း (အယူမှားခြင်း) သဘော၊

- ယှဉ်တွဲဖြစ်ခွင့်မရှိသောစိတ် - လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄၊ ဒေါသမူစိတ် ၂၊ မောဟမူစိတ် ၂ ပေါင်း ၈။

၆။ ကိုယ့်ထက်သာသော လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ လုပငန်းကျော်ရှင်း ဂုဏ်သတင်းကို ကြားရ၍ မနာလိုဖြစ်ကာ "ဇီးကွက်လောက်တော့ ငှက်တိုင်းလုပ်ရဲ" ဟုပြောဆိုသူ၏ သန္တာန်၌ဖြစ်သောစေတသိက်ကို ယှဉ်ရာစိတ်နှင့် တကွဖော်ပြ၍၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိ (အဓိမောက္ခ) မယှဉ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

ဖြေ။ ။ **ဣဿာ** - သူတစ်ပါး စည်းစိမ်ကို ငြူစူခြင်းသဘော၊

- ယှဉ်တွဲဖြစ်ခွင့်ရှိသောစိတ် - ဒေါသမူစိတ် ၂
- ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိ (အဓိမောက္ခ) မယှဉ်သော စိတ်မှာ ဒွေပဉ္စဝိညာဏ် ၁၀ နှင့် ဝိစိကိစ္ဆာ ပေါင်း ၁၁။

၇။ "လုံ့လမမူ၊ နတ်မကူဘူး" ဟူသော စကားလုံး၌ လုံ့လ ဟုခေါ်ဆိုထိုက်သည့် စေတသိက်အမည်ကို သဘော အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ယင်းစေတသိက်နှင့် အတူတကွဖြစ်သောစိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

ဖြေ။ ။ **ဝီရိယ** - ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်ခြင်းသဘော၊

- အတူတကွဖြစ်သောစိတ်များ - အကုသိုလ်စိတ် ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ် ၂၊ ကာမသောဘဏစိတ် ၂၄၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာစိတ်အကျဉ်း ၈ ပေါင်း ၇၃ ပါး။

၈။ အောက်ပါတို့ကို မည်သည့်စေတသိက်များဖြစ်ကြောင်း အမည်မျှ ညွှန်ပြခဲ့ပါ။

(က) ဆရာ မိဘစကားဟူသော အာရုံကို နလုံးသွင်းမှု။

(ခ) အာရုံတစ်ပါး စိတ်မသွားဘဲ စိတ်တည်ကြည်မှု။

(ဂ) အရာရာကို လိုလားတောင်းတခြင်း။

(ဃ) ဘုရား တရား၌ ယုံမှားသံသယဖြစ်ခြင်း။

(င) တည်ကြည်မှုမရှိဘဲ စိတ်ပျံ့လွင့်ခြင်း။

ဖြေ။ ။ (က) မနသိကာရ (ခ) ဧကဂ္ဂတာ (ဂ) ဆန္ဒ (ဃ) ဝိစိကိစ္ဆာ (င) ဥဒ္ဒစ္စ